# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 16, 2024 | Volume 78, Number 11

၁၆.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၉၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၀၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၉၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## Coconut project အတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား အကြိုညှိနှိုင်း အစည်းအဝေးကျင်းပခြင်း




အက်ခ်မက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (ACEMES–ROK Cooperation Fund) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်းအစီအစဉ်အရ စီမံကိန်းမှဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအစီအစဉ်များအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို ၂၀၂၄ ခုနှစ် မေလ ၁၅ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ခံနှင့်စီမံကိန်းမှ ကျွမ်းကျင်ပညာရှင် ၂ ဦးတို့နှင့်အတူ စုစုပေါင်း ၆ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်းမှ ဆောင်ရွက်ရန်ကျန်ရှိသည့် အက်ခ်မက်နိုင်ငံများ၏ အုန်းတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးပွဲကျင်းပခြင်း၊ ဗီယက်နမ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးပွဲကျင်းပခြင်းနှင့် ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ThaiFEX–Anuga Asia 2024 ကုန်စည်ပြပွဲနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းတို့ကို ဆောင်ရွက်ရန်ရှိကြောင်း၊ ယင်းအစီအစဉ်များအတွက် ကျွမ်းကျင်ပညာရှင်(၂) ဦးက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များချိတ်ဆက်ရန်တို့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်က

လမ်းညွှန်မှာကြားခဲ့ပြီး အစည်းအဝေးကို နံနက် ၁၀:၄၅ တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20TawSTP_15.5.2024%202:00PM

## ဆန်ကြိတ်ခွဲနိုင်မှု လျော့ကျလာပြီး ဈေးတက်လာရဟု MRF ပြော

စပါးတွေရှိနေပေမဲ့ လျှပ်စစ်မီးပုံမှန်မရလို့ ဆန်စက်တွေဟာ ကြိတ်ခွဲနိုင်မှုလျော့ကျလာတာကြောင့် ဈေးကွက်ထဲမှာ ဆန်ဈေးနှုန်းတွေ ကြီးမြင့်လာရတာလို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တာဝန်ရှိသူက ပြောလာပါတယ်။

အချို့ဒေသတွေမှာ မနက်၊ နေ့လယ်၊ ညနေပိုင်းတွေ မီးလာချိန် ၁ နာရီခန့်သာရှိပြီး ဆန်စက်လည်ဖို့အတွက် အနည်းဆုံး ၃ နာရီ၊ ၄ နာရီ ဆက်တိုက်လျှပ်စစ်မီးရရှိနေမှ အဆင်ပြေနိုင်တာလို့ MRF ဥက္ကဋ္ဌဦးရဲမင်းအောင်က အင်တာဗျူးတစ်ခုမှာ ဖြေကြားထားပါတယ်။

လျှပ်စစ်မီးအနေအထားကြောင့် စပါးကနေ ဆန်ကြိတ်ခွဲတဲ့နေရာမှာ နည်းနည်းလေး အခက်အခဲလေးတွေဖြစ်တော့ သကြင်္န် ပြီးတဲ့အချိန်လောက်မှာ ဆန်ဈေးတွေတက်သွားတယ်လို့ ပြောပါတယ်။ ဒါကြောင့် စပါးအထွက်များတဲ့ ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းတို့မှာ ဆန်စက်တွေ တစ်ရက်ကိုအနည်းဆုံး လျှပ်စစ်မီး ၄ နာရီဆက်တိုက် ပုံမှန်ရရှိရေးအတွက် ဆန်စပါးအသင်းချုပ် ဦးဆောင်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနတို့နဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ သူတို့ရဲ့ အခက်အခဲကိုနားလည်တယ်။ ဒါပေမဲ့ ၃ နာရီနဲ့ ၄ နာရီ ဆက်တိုက်ပေးမှ အဆင်ပြေမှာ။ နောက်ဆုံး တစ်ရက်ခြားပေးမယ်ဆိုလည်း တစ်ရက်ခြားပေါ့လို့ MRF ဥက္ကဋ္ဌက ဆိုပါတယ်။

လက်ရှိကာလဟာ နွေစပါးပေါ်ချိန်ဖြစ်တာကြောင့်လည်း ဆန်စက်တွေ တစ်ရက်ကို ၄ နာရီဆက်တိုက် လျှပ်စစ်မီးရရှိပါက ဈေးကွက်ထဲမှာဖြစ်ပေါ်နေတဲ့ ဆန်ဈေးနှုန်းတွေ ပြန်ကျသွားနိုင်တယ်လို့လည်း ဦးရဲမင်းအောင်က သုံးသပ်ထားပါတယ်။

လက်ရှိ လက်ကားဈေးကွက်အတွင်း ရွှေဘိုပေါ်ဆန်းက ၁၅၀,၀၀၀ ကျပ်၊ ကျားပျံရှယ်က ၁၃၅,၀၀၀ ကျပ်၊ ဖျာပုံ/မြောင်းမြ/ပုသိမ်/ဒေးဒရဲ ပေါ်ဆန်းက ၁၃၀,၀၀၀ ကျပ်၊ ရက် ၉၀ (သစ်) က ၉၇,၀၀၀ ကျပ်၊ ညှော့မထ အကြမ်းက ၇၃,၀၀၀ ကျပ်၊ ငစိန်က ၇၂,၀၀၀ ကျပ်လို့ ဆန်စပါးကုန်သည်များအသင်းက ထုတ်ပြန်ထားပါတယ်။

နိုင်ငံအတွင်း မိုးစပါးစိုက်ဧက ၁၅ သန်းရှိရာကနေ နှစ်စဉ် စပါးထွက်ရှိမှုနှုန်း တင်းပေါင်း ၁၀၈၈ သန်းဖြစ်ပြီး နွေစပါးစိုက်ဧက ၂ သန်းကနေ စပါးတင်း ၂၁၃ သန်းခန့် ထွက်ရှိပါတယ်။

**Source: BETV Business**

## ရှမ်းခရမ်းချဉ်သီး ဝယ်လိုအားကောင်းလာလို့ ဈေးပြန်တက်လာ

ရှမ်းပြည်နယ်ထွက် ခရမ်းချဉ်သီးဈေးကွက် ပြန်တက်လာပြီး အောင်ပန်းကုန်စိမ်းဈေးကွက်မှာတင် တစ်ပိဿာကို ၁၉၀၀ ကျပ်အထိ မြင့်တက်လာတယ်လို့ ကုန်စိမ်းပွဲရုံများထံမှ သိရပါတယ်။ လက်ရှိ ရှမ်းခရမ်းချဉ်သီးကို နယ်စုံကနေ ဝယ်လိုအားရှိလာတဲ့အပြင် ယခုအချိန်က ရှမ်းပြည်နယ်ကသာ ခရမ်းချဉ်သီးအများဆုံးထွက်ရှိနေတာကြောင့် ခရမ်းချဉ်သီး အသေး၊ အကြီးဆိုဒ်စုံ ဈေးတက်လာနေတာဖြစ်တယ်လို့ သိရပါတယ်။

"အရင်ဈေးကျတယ်ဆိုတာ အဝယ်ကလည်းမရှိ၊ နယ်စုံကလည်း ခရမ်းချဉ်တွေပေါ်တော့ ဈေးကထိုးကျတာပေါ့၊ အခုကျ ရှမ်းကနေအဝယ်လိုက်ပြီး ဈေးကတက်လာတာ၊ အလုံးချောရင် ချောတဲ့ဈေး၊ သေးတာက အသေးဈေးပေါ့၊ အကုန် အရောင်းအဝယ်သွက်တယ်"လို့ အောင်ပန်းကုန်စိမ်းပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။ ရှမ်းခရမ်းချဉ်သီးကို နယ်စုံကမှာယူတဲ့ အထဲမှာ ဧရာဝတီတိုင်းဒေသကြီးက အများဆုံးဝယ်ယူမှုရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်းကောင်းတာကြောင့် အများဆုံး ပို့ဆောင် ပေးနေရတယ်လို့ သိရပါတယ်။

မေလ ၁၄ ရက်နေ့၊ ရှမ်းပြည်နယ် ခရမ်းချဉ်သီးဈေးကွက်မှာ ခရမ်းချဉ်သီး ဂွတ်ရှယ်သီး တစ်ပိဿာ ၁၉၀၀ ကျပ်၊ ခရမ်းချဉ်သီး ရှယ်သီးတစ်ပိဿာ ၁၇၀၀ ကျပ်၊ ခရမ်းချဉ်သီးအသေးဆုံး တစ်ပိဿာ ၁၅၀၀ ကျပ်အထိရှိလာပါတယ်။ မေလ ၁ ရက်နေ့က ခရမ်းချဉ်သီး ဂွတ်ရှယ်သီး တစ်ပိဿာ ၁၂၀၀ ကျပ်၊ ခရမ်းချဉ်သီး ရှယ်သီးတစ်ပိဿာ ၁၀၀၀ ကျပ်၊ ခရမ်းချဉ်သီးအသေးဆုံး တစ်ပိဿာ ၈၀၀ ကျပ်သာရှိလို့ တစ်ပိဿာကို ၇၀၀ ကျပ်တက်လာတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက ခရမ်းချဉ်သီးတွေ နယ်စုံကနေထွက်ရှိချိန်မှာ ရှမ်းပြည်ထွက်ခရမ်းချဉ်သီးတွေ တစ်ပိဿာကို ၁၀၀ ကျပ်သာပေါက်ဈေးရှိခဲ့ပြီး ဝယ်သူမရှိလို့ နွားကျွေးရတဲ့အထိ ဈေးကွက်ပျောက်ခဲ့ရပါတယ်။

**Source: AMIA**

**Myanma Awba Group**

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၄) လအတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့

ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းပို့ကုန်နှင့် သွင်းကုန်ပမာဏသည် (၅ ဒသမ ၇) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယွမ် (၁၃ ဒသမ ၈၁) ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ထရီလီယံ) ရှိခဲ့သည်ဟု အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏အချက်အလက်များတွင် ဖော်ပြထားကြောင်းသိရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ပို့ကုန်သည် တစ်နှစ်ထက်တစ်နှစ် (၄ ဒသမ ၉) ရာခိုင်နှုန်း တိုးလာပြီး ယွမ် (၇ ဒသမ ၈၁) ထရီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်သည် (၆ ဒသမ ၈) ရာခိုင်နှုန်းတိုးလာပြီး ယွမ် (၆) ထရီလီယံအထိ တိုးလာကြောင်း သိရသည်။

ယင်းအချက်အလက်များအရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် နိုင်ငံခြားကုန်သွယ်မှုကို အရှိန်မြှင့်တင်ရာတွင် ကြီးမားသော အခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပုဂ္ဂလိကလုပ်ငန်းများသည် စုစုပေါင်းကုန်သွယ်မှု၏ (၅၄ ဒသမ ၆) ရာခိုင်နှုန်းအထိရှိလာခဲ့ပြီး ယခင်နှစ် အလားတူကာလကထက် (၂ ဒသမ ၅) ရာခိုင်နှုန်း မြင့်တက်လာကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် (၂၉ ဒသမ ၁) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ပထမလေးလတွင် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အာဆီယံနှင့်ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် (၈ ဒသမ ၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ်ငွေ (၂ ဒသမ ၁၈) ထရီလီယံသို့ရောက်ရှိခဲ့ကာ တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ (၁၅ ဒသမ ၈) ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။ တတိယအကြီးဆုံး ကုန်သွယ်ဘက်ဖြစ်သော အမေရိကန်နှင့်ကုန်စည်ကုန်သွယ်မှုသည် အဆိုပါကာလအတွင်း (၁ ဒသမ ၁) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ် (၁ ဒသမ ၄၇) ထရီလီယံထိ ရောက်ရှိလာကြောင်း၊ သို့သော်ဒုတိယအကြီးဆုံး ကုန်သွယ်မှုမိတ်ဖက် ဖြစ်သည့် ဥရောပသမဂ္ဂနှင့်ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် (၁ ဒသမ ၈) ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှဧပြီလအတွင်း တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုတွင် စက်ပစ္စည်းနှင့် အီလက်ထရောနစ်ထုတ်ကုန်များ တင်ပို့မှု အားကောင်းလာကာ နိုင်ငံစုစုပေါင်းတင်ပို့မှု၏ (၆၀) ရာခိုင်နှုန်းနီးပါးအထိ ပါဝင်ခဲ့ကြောင်းသိရသည်။ အထူးသဖြင့် အလိုအလျောက်ဒေတာ စီမံဆောင်ရွက်ပေးသည့် စက်ကိရိယာများ၊ integrated circuits နှင့် မော်တော်ယာဉ်များ၏ ပို့ကုန်တန်ဖိုးမှာ တစ်နှစ်ထက်တစ်နှစ် (၉ ဒသမ ၇) ရာခိုင်နှုန်း၊ (၂၃ ဒသမ ၅) ရာခိုင်နှုန်းနှင့် (၂၄ ဒသမ ၉) ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း သိရသည်။

Source: https://www.chinadaily.com.cn/a/202405/09/WS663c3f5fa31082fc043c626e. html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

https://myantrade.gov.mm/article/Naypyitawstp_

## တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုကို လွှမ်းမိုးထားသည့်ထိုင်းနိုင်ငံကို ဗီယက်နမ်နိုင်ငံစိန်ခေါ်လာ

တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့သည့်နိုင်ငံများတွင် ထိပ်ဆုံးနေရာ၌ ရပ်တည်နေသည့် ထိုင်းနိုင်ငံသည် စိန်ခေါ်မှုများ ရင်ဆိုင်လာရသည်ဟု ဒူးရင်းသီးဈေးကွက်အရင်းအမြစ်အရ သိရသည်။

ယခုနှစ် ပထမသုံးလပတ်ကာလတွင် ဒူးရင်းသီးတန်ချိန် (၄၈,၀၀၀) ကို တရုတ်နိုင်ငံမှ တင်သွင်းခဲ့ပြီး အဆိုပါပမာဏထဲမှ တန်ချိန် (၃၅,၀၀၀)ကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကာ ထိုင်းနိုင်ငံမှ တန်ချိန်(၁၃,၀၀၀) ကိုသာ တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း တရုတ်နိုင်ငံ ရှင်ဟွာသတင်းဌာန၏ ဖော်ပြချက်အရသိရသည်။



အဆိုပါဖော်ပြချက်အရ ဗီယက်နမ်နိုင်ငံက တင်ပို့မှု (၄၈ ဒသမ ၁) ရာခိုင်နှုန်း တိုးတက်လာပြီး ထိုင်းနိုင်ငံက (၅၉၅) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ တရုတ်နိုင်ငံသို့ ဒူးရင်းသီး တင်ပို့မှုကျဆင်းရခြင်းမှာ မိုးခေါင်ခြင်းနှင့် ရာသီဥတု ပူပြင်းသောကြောင့် ထုတ်လုပ်မှုကျဆင်းသောကြောင့် ဖြစ်သည်ဟု သိရသည်။ လွန်ခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံသည် ဒူးရင်းသီးတန်ချိန် (၁ ဒသမ ၄၂) သန်း တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ (၉၂၈,၆၄၄)တန်၊ ရာခိုင်နှုန်းအားဖြင့် (၆၅ ဒသမ ၁၉) ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံထံမှ (၄၉၂,၁၁၁) တန်၊ ရာခိုင်နှုန်းအားဖြင့် (၃၄ ဒသမ ၅၅) ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံထံမှ (၃၇၇၀) တန်၊ ရာခိုင်နှုန်းအားဖြင့် (၀ ဒသမ ၂၆) ရာခိုင်နှုန်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ ဒူးရင်းသီး စားသုံးသူများ၏ အချက်အလက်များအရ ထိုင်းနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့၏ ယှဉ်ပြိုင်မှုကို ရင်ဆိုင်နေရကြောင်းသိရသည်။ တရုတ်နိုင်ငံရှိ ဒူးရင်းသီးအဓိကတင်သွင်းသူတစ်ဦးက (၂၀၂၃) မတိုင်မီတွင် ကုမ္ပဏီသည် ထိုင်းနိုင်ငံထံမှသာ ဒူးရင်းသီးများ တင်သွင်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းစားသုံးသူများ၏ လိုအပ်ချက်မြင့်တက်လာမှုကြောင့် ထောက်ပံ့ရေးအရင်းအမြစ်များ တစ်နိုင်ငံမက လိုအပ်လာကြောင်း ရှင်ဟွာသတင်းဌာနကို ပြောကြားခဲ့သည်။

တင်သွင်းသူတစ်ဦးကလည်း ဒူးရင်းသီးတင်သွင်းမှုမှာ ယခုအခါ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံဟူ၍ နှစ်ပိုင်းကွဲသွားကြောင်း၊ ဗီယက်နမ်နိုင်ငံသည် သယ်ယူရသည့်လမ်းကြောင်း ပိုမိုတိုတောင်းခြင်းနှင့် ကုန်ကျမှုနည်းပါးခြင်းကြောင့် ထိုင်းနိုင်ငံထက် အသာရကြောင်းနှင့် ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာမှစ၍ ၎င်းတို့၏ ဈေးကွက်ဝေစုလျော့ကျလာကြောင်း ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းရန် ၎င်းတို့တင်ပို့မည့် ဒူးရင်းသီးများ၏ အရည်အသွေး ထိမ်းချုပ်မှု အတိုင်းအတာများကို ဆက်လက်ထိန်းသိမ်းရန် ကြိုးစားသင့်ကြောင်းနှင့်သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ရေး လမ်းကြောင်းများကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်းသိရသည်။ နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်မှုဌာန၏ တရားဝင် ဖော်ပြချက်အရ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့ထံမှ ဒူးရင်းသီးများကိုသာ တင်သွင်းခွင့်ပြု ကြောင်းသိရသည်။

**Source; Bangkok Post**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/20061

## STOCK EXCHANGE (16.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,945 (Shares) | 34,525,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | ±0 | ±0.00% | 8,700 | 8,800 | 8,700 | 2,487 | 21,872,500 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | ±0 | ±0.00% | 2,900 | 2,900 | 2,850 | 1,709 | 4,955,800 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | ±0 | ±0.00% | 8,100 | 8,100 | 7,900 | 26 | 207,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,550 | 1,500 | 4,132 | 6,300,400 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | -150 | -5.17% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | ±0 | ±0.00% | 1,750 | 1,750 | 1,700 | 260 | 445,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | -100 | -2.17% | 4,500 | 4,500 | 4,500 | 7 | 31,500 | 10,497,598 | 47,239 |
| MAEX | 00008 | 2,200 | ±0 | ±0.00% | 2,200 | 2,200 | 2,200 | 323 | 710,600 | 23,804,946 | 52,371 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.73 | -2.37 | -0.64% | 371.34 | 374.46 | 368.73 | 8,945 | 34,525,550 | 8 | 695,501 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 16th May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,742 (Shares) | 33,846,150 (MMK) |

| MYANPIX | 373.97 ▲ 2.87 |
|---|---|
| Total Volume (shares) | 8,742 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 705,372 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 150 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,200 | ▲ 0 |